ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့၊ (17-1-2012) (၇၀၀၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ပြင်သစ်နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြင်သစ်နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Alain Juppe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ပြင်သစ်နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Thierry MATHOU လည်း တက်ရောက်သည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ကျင်းပသည့် ၂၀၁၂ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

အဆိုပါ နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဒေသတွင်းမှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နာဂဒေသမှ ရိုးရာယဉ်ကျေးမှုကိုယ်စားလှယ်များ၊ ရိုးရာအကအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ကမ္ဘာလှည့်ခရီးသည်များ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ၂၀၁၂ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် ကျင်းပနိုင်ရေးအတွက် ထောက်ပံ့ငွေ၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော် နှစ်စဉ်မပြတ်ကျင်းပနိုင်ရေးအတွက် အရင်းမပျောက် မတည်ငွေတို့ကို နာဂတိုင်းရင်းသားအကြီးအကဲထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၁၇-၁-၂၀၁၂[အင်္ဂါနေ့]။

မီးခိုးမထွက်သော စက်ရုံ

၂၀၁၂ ခုနှစ် ကမ္ဘာ့အကောင်းဆုံး ခရီးသွားနေရာများ ရွေးချယ်ပွဲတွင် မြန်မာနိုင်ငံက တတိယနေရာ ရရှိခဲ့ကြောင်း ဒီဇင်ဘာလ ၂၈ ရက်နေ့က ထုတ်လွှင့်သော စီအင်န်အင်န်သတင်းတွင် တွေ့လိုက်ရသည်။ မှန်ပါသည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းကလည်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည့် ကမ္ဘာလှည့်ခရီးသည်ဦးရေသည် ၂၀၁၁ ခုနှစ်ကထက် ၂၀ ရာခိုင်နှုန်း များပြားလာနိုင်မည်ဖြစ်ရာ ကမ္ဘာလှည့်ခရီးသည် ငါးသိန်းခန့်အထိ ရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ခရီးသွားလုပ်ငန်းသည် တိုင်းပြည်ဝင်ငွေရသည့် အကျိုးအမြတ်များသောလုပ်ငန်းဖြစ်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်သည့် စက်ရုံဟု ခရီးသွားနယ်ပယ်တွင် တင်စားသုံးနှုန်းကြသည်။ ယခင်ခေတ်ကာလနှင့်မတူ ယခုကာလတွင် ခရီးသွားလုပ်ငန်း သိသိသာသာ တိုးတက်လာသည်မှာ နိုင်ငံ၏ ထင်သာမြင်သာရှိသော ပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ ခရီးသွားများ စိတ်ဝင်စားဖွယ်အထင်ကရနေရာများတည်ရှိခြင်း၊ မြန်မာလူမျိုးများ၏ဖော်ရွေမှု၊ တာဝန်ကျေပွန်မှုနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ များပြားသောကြောင့်ပင် ဖြစ်သည်။

မီးခိုးမထွက်သော စက်ရုံကောင်းဖြစ်နိုင်အောင် နိုင်ငံတော်က ဇုန်အလိုက် Entry, Transport, Hotel Standard, Interest Point တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် SIM Card, Hand Set, TAXI, Border Pass တို့သာမက Package Tour, Tourism Agency တို့ပါ ပါဝင်ဆက်စပ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရသည်။

သို့ရာတွင် ခရီးသွားများအား ပိုမိုဆွဲဆောင်နိုင်ရန်နှင့် ခရီးသွားလုပ်ငန်းဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံတွင် မီးခိုးမထွက်သော စက်ရုံများ တည်ဆောက်ထိန်းသိမ်းရေးနယ်ပယ်ကို ဆက်လက်တိုးတက်ကောင်းမွန်အောင် များစွာဆောင်ရွက်ရပေဦးတော့မည်။

နိုင်ငံ၏ အဖိုးတန် သမိုင်းဝင်အဆောက်အအုံနှင့် နေရာများမပျက်စီးဖို့၊ ဒေသတွင်း လူမှုဆက်ဆံရေးကိစ္စ၊ ခရီးသွားလုပ်ငန်းနှင့် တွဲဖက်ပါလာမည့် ပြဿနာနှင့် ဆိုးကျိုးများ၊ သင်ခန်းစာယူရမည့်အချက်များ စသည်တို့ကို ထည့်သွင်းကိုင်တွယ်ဖြေရှင်းနိုင်ဖို့ စဉ်းစားကြရမည်ဖြစ်သည်။

အမှန်တွင် အိမ်သာ၍ ဧည့်လာသည်ဖြစ်ရာ အိမ်ရှင်က ဧည့်သည်ကို ဝတ္တရားကျေအောင် ကျရာနယ်ပယ်အသီးသီးတွင် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ယနေ့ကာလတွင် နိုင်ငံ၌ ကောင်းမွန်သော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတကာမှ ဧည့်သည်များ ပိုမိုဝင်ရောက်လာတော့မည်မှာ မလွဲဧကန် အမှန်ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ယမန်နှစ်က ဧည့်သည် နှစ်သိန်းလောက်သာ ဝင်ရောက်ခဲ့သော်လည်း ယခုနှစ်တွင် ဧည့်သည် ငါးသိန်းခန့်ဝင်ရောက်လာမည်ဟု ခန့်မှန်းထားရာ အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းစာလျှင် မများသေးဟုဆိုရမည် ဖြစ်သည်။ ယမန်နှစ်က ထိုင်းနိုင်ငံတွင် ၁၄ သန်း၊ ဗီယက်နမ်တွင် လေးသန်း၊ ကမ္ဘောဒီးယားနှင့်လာအိုတွင် နှစ်သန်းစီ ဝင်ရောက်ခဲ့ကြသည်။

မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်တို့မြန်မာနိုင်ငံအဖို့ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ အခြေအနေကောင်းများ မြင်တွေ့နေရပြီဖြစ်၍ နိုင်ငံတကာမှ ပိုမိုအာရုံစိုက်လာပြီး တစ်ချိန်သောကာလတွင် အိမ်နီးချင်းနိုင်ငံများထက် ဧည့်သည်များ ပိုမိုဝင်ရောက်လာနိုင်သည့် မီးခိုးမထွက်သော စက်ရုံနိုင်ငံ ဖြစ်လာတော့မည် ဖြစ်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် သံတွဲ-ဂွ-ငါးသိုင်းချောင်းကားလမ်းနှင့် ဓနုဖြူ-ကျုံပျော် ကားလမ်းပေါ်ရှိ တံတားများတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် သံတွဲ-ဂွ-ငါးသိုင်းချောင်းကားလမ်း မိုင်တိုင် (၁၄/၄)နှင့် (၁၄/၅)ကြား၌ ကတ္တရာခင်းခြင်း အဆင့်ဆင့်လုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင် (၂၁/၂)နှင့် (၂၁/၃)ကြားရှိ သံပေါင်တံတားကြံ့ခိုင်မှုနှင့် ရေလမ်းကြောင်းအခြေအနေ၊ ကျိုက္ကလိမြို့နယ်ခွဲရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရုံးအဆောက်အအုံနှင့် ရတနာမြိုင်ကျေးရွာအနီးရှိ ရွှေလှေကွန်ကရစ်တံတား ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုင်တိုင် (၆၁/၁)နှင့် (၆၁/၂)ကြား၌ ကတ္တရာခင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဓနုဖြူ-ကျုံပျော်လမ်းပိုင်း မိုင်တိုင် (၁၄/၀)၌ ကျုံတနီးတံတား တည်ဆောက်နေမှု၊ မိုင်တိုင် (၉/၀)ရှိ တံတားအမှတ် (၃/၉) ကျုံတနော်တံတား တည်ဆောက်နေမှု၊ မိုင်တိုင် (၅/၀)ရှိ တံတားအမှတ် (၁/၅) အကျော်တံတား တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ဓနုဖြူ-ကျုံပျော်လမ်းပေါ်ရှိ ယခင်သစ်သားတံတားဟောင်းများနေရာတွင် သံမဏိသံပေါင် (Plate Girter) အမျိုးအစား တံတားများဖြစ်သည့် အရှည်ပေ ၂၄၀ ကျုံတနီးတံတား၊ အရှည်ပေ ၁၂၀ ကျုံတနော်တံတားနှင့် အရှည်ပေ ၃၆၀ အကျော်တံတားတို့ကို တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နတ်မောက်နွယ်ဖွား စာအောင်သံဃာတော်များအား ပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၂)ကြိမ်မြောက် နတ်မောက်နွယ်ဖွား ဆရာတော်ကြီးများ၊ စာအောင်သံဃာတော်များနှင့် အသင်းနာယကများအား ပူဇော်ကန်တော့ပွဲနှင့် အသင်းဝင် သားသမီးထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ သာစုပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ခြောက်ထပ်ကြီး သိင်္ဂီဦးကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသ အမှူးပြုသော နတ်မောက်နွယ်ဖွား နာယကဆရာတော်ကြီးများ၊ စာအောင်သံဃာတော်များ၊ အသင်းဝင်သက်ကြီး နာယကကြီးများအား အသင်းဝင်များက ပူဇော်ကန်တော့ကြပြီး အသင်းဝင်သားသမီးထူးချွန်ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုချီးမြှင့်ကြသည်။ (သတင်းစဉ်)

အရှေ့တောင်အာရှ ရေနံပိုက်လိုင်းကုမ္ပဏီလီမိတက်က ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်း လူမှုစီးပွားရေးအစီအစဉ်များအတွက် လုပ်ငန်းအပ်နှံ

ရန်ကုန် ဇန်နဝါရီ ၁၆

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းတွင် ဆောင်ရွက်နေသော အရှေ့တောင်အာရှ ရေနံပိုက်လိုင်းကုမ္ပဏီလီမိတက် (South-East Asia Crude Oil Pipeline Co., Ltd. SEAOP) မှ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်အတွက် လူမှုစီးပွားဖွံ့ဖြိုးရေးအစီအစဉ်အရ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်း စာသင်ကျောင်းနှင့် ဆေးခန်းများ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် SEAOP နှင့် ဆောက်လုပ်ရေးကုမ္ပဏီကိုးခုတို့အကြား လုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပါတ်ရှိုင်ရယ်လ်ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူး၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရှေ့တောင်အာရှ ရေနံပိုက်လိုင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ Mr. ZHANG Jialin နှင့် တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး အရှေ့တောင်အာရှ ရေနံပိုက်လိုင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ Mr. ZHANG Jialin က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အရှေ့တောင်အာရှ ရေနံပိုက်လိုင်းကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံအတွင်း မြန်မာ-တရုတ် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းရာလမ်းကြောင်းတစ်လျှောက်ရှိ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးတို့တွင် လူမှုစီးပွားဖွံ့ဖြိုးရေးအစီအစဉ်အရ စီမံကိန်း ကာလအတွင်း နှစ်စဉ် အမေရိကန်ဒေါ်လာ တစ်သန်းစီ လှူဒါန်းမည်ဖြစ်ရာ ယခုလှူဒါန်းမှုမှာ SEAOP ၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ရခိုင်ပြည်နယ်တွင် စာသင်ကျောင်း ၁၈ ကျောင်း၊ မူကြိုကျောင်း နှစ်ကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ နှစ်ခု (စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၇၅၈၀၀၀၀) နှင့် မကွေးတိုင်းဒေသကြီးအတွင်း စာသင်ကျောင်း ငါးကျောင်း (စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၂၄၂၀၀၀၀) ဆောက်လုပ်ရန် လှူဒါန်းခြင်းဖြစ်သည်။

ထို့အတူ အရှေ့တောင်အာရှဓာတ်ငွေ့ပိုက်လိုင်း ကုမ္ပဏီလီမိတက်ကလည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် လူမှုစီးပွားဖွံ့ဖြိုးရေးအစီအစဉ်အရ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၆ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၈၁၀၆	၀. ၀၃၁၄၄
တရုတ် (ယွမ်)	၆. ၃၁၅၆၀	၀. ၁၅၈၃၄
အိန္ဒိယ (ရူပီး)	၅၁. ၃၉၅၀	၀. ၀၁၉၄၆
မလေးရှား (ရင်းဂစ်)	၃. ၁၄၇၀၀	၀. ၃၁၇၇၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၉၀၈၂	၀. ၇၇၄၇၀
ဂျပန် (ယန်း)	၇၆. ၇၄၃၈	၀. ၀၁၃၀၃
တောင်ကိုရီးယား(ဝမ်)	၁၁၅၃. ၃၀	၀. ၀၀၀၈၇
ယူရို	၀. ၇၈၉၂၄	၁. ၂၆၇၀၃
ဗြိတိသျှ (ပေါင်)	၀. ၆၅၃၀၄	၁. ၅၃၁၃၀

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၁-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို

ညပိုင်း

၄း၀၄ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၅။ အင်္ဂလိပ်စာသုတ
၄း၄၅ ၆။ ဝိုင်းဝန်းကူညီကြက်ခြေနီ
၄း၅၅ ၇။ ကံကောင်းလို့ပေါ့ မောင်စိုးရယ်(ဇာတ်လမ်းတို)
၅း၀၀ ၈။ ကြိုတင်တားဆီးရန်သူမီး
၅း၀၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-ဟာသလွင်ပြင်(အပိုင်း-၇၂)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ Guide For You
၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-ငှက်ကလေးရဲ့ကောင်းကင်(အပိုင်း-၄၇)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ မွေးမြူသုတ
၂၂။ ဟာသရုပ်စုံ
၂၃။ တစ်လအတွင်းအကြိုက်ဆုံး ဗွီစီဒီတေးများ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း-အချစ်ကြီးချစ်(အပိုင်း-၆)**
၂၆။ Mini Series

မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက်ဝင်းရှိ သဒ္ဓမ္မဝါစီဟာသ်ာတပရိယတ္တိစာသင်တိုက် ပြုပြင်မွမ်းမံရန်အတွက် အလှူတော်ငွေကျပ် သိန်း ၉၀ ကို မြောက်ဥက္ကလာပမြို့နယ်နေ မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သားဗိုလ်ကြီးကျော်ကိုကိုရှိန်း -သမီးမမိုးပြည့်ပြည့်ဖြိုး၊ မြေး မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်းနှင့် တူမ ဒေါ်အေးအေးမော်တို့က ဇန်နဝါရီ ၁၄ ရက်တွင် လှူဒါန်းရာ သာသနာ့နုဂ္ဂဟ သဟပုညကာရီအဖွဲ့မှ ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော်နှင့် ဘဏ္ဍာရေးမှူး ဦးအုန်းမောင်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Shinzou ABE ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၆

မြန်မာ-ဂျပန် နှစ်နိုင်ငံအစဉ်အလာခိုင်မြဲခဲ့သည့် ချစ်ကြည်ရေးကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Shinzou ABE ဦးဆောင်သည့်အဖွဲ့တို့ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးဆောင်ဧည့်ခန်းမ၌ တွေ့ဆုံစဉ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Shinzou ABE အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြင်သစ်နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Alain Juppe ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၆

မြန်မာ-ပြင်သစ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်ရေး၊ နိုင်ငံတော်၏ နိုင်ငံရေးပကတိဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြင်သစ်နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး H. E. Mr. Alain Juppe ဦးဆောင်သည့် အဖွဲ့တို့ ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးဆောင်ဧည့်ခန်းမ၌ တွေ့ဆုံစဉ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြင်သစ်နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး H. E. Mr. Alain Juppe အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၁၆

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PVEP OVERSEAS Co.,Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-2 တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် SR/V CGG Amadeus ဖြင့် ဇန်နဝါရီ ၂၀ ရက်မှ မတ် ၂၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ PVEP-12-EAST: SEISMIC VESSEL ACTIVITY AREA တွင် Point E1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၃ မိနစ်၊ Point E 2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၈ မိနစ်၊ Point E 3 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၈ မိနစ်နှင့် Point E 4 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၃ မိနစ် အတွင်းတွင်လည်းကောင်း၊ PVEP-12-WEST: SEISMIC VESSEL ACTIVITY AREA တွင် Point W 1 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်၊ Point W 2 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ်၊ Point W 3 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ်နှင့် Point W 4 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်အတွင်းတွင်လည်းကောင်း ဆောင်ရွက်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M -2 တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် SR/V CGG Amadeus ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းများမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၁၆

ပြင်သစ်နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Alain Juppe ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီ မိနစ် ၅၀ တွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Thierry MATHOU နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြင်သစ်နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီးသည် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်မထွက်ခွာမီ ပြည်တွင်း၊ ပြည်ပ သတင်းထောက်များအားတွေ့ဆုံကာ မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းသည်များကို ပြန်လည်ဖြေကြားသည်။

(သတင်းစဉ်)

ရှင်းလင်းပြောကြား

ပြင်သစ်နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Alain Juppe နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်တွင်း၊ ပြည်ပသတင်းထောက်များအား ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့သစ်လုပ်ငန်းအင်ဂျင်နီယာဌာန ပင်မအလုပ်ရုံ(ပျဉ်းမနား) အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန ပင်မအလုပ်ရုံ (ပျဉ်းမနား)၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဝန်ထမ်းများအား အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါအလုပ်ရုံ၌ကျင်းပရာ ပင်မအလုပ်ရုံ(ပျဉ်းမနား)မှ လက်ထောက်အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ)ဦးနေဝင်းနှင့် နေပြည်တော် (ပျဉ်းမနား)မှ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က အမှာစကားပြောကြားကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)** (သတင်းစဉ်)

အလိမ္မာ စာမှာရှိ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr. Shinzou ABE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်　ဇန်နဝါရီ　၁၆

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr. Shinzou ABE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်းနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် အကျိုးတူကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများသည် ဧည့်သည်တော် ဂျပန်ဝန်ကြီးချုပ်ဟောင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Shinzou ABE အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပို

နေပြည်တော်　ဇန်နဝါရီ　၁၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** တနင်္သာရီတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ICRC မှ Mr.Georges Paclisanu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်　ဇန်နဝါရီ　၁၆

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ICRC မှ Mr. Georges Paclisanu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအတွင်း ICRC ၏ ဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ICRC ကိုယ်စားလှယ်က ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ICRC မှ Mr. Georges Paclisanu အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် မုံရွာစာရင်းစစ်ရုံးမှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

စစ်ဆေးရေးလုပ်ငန်းအပေါ် အလေးအနက် စေတနာထားပြီး မသမာမှု၊ ပေါ့လျော့မှုမဖြစ်စေရေး ဂရုတစိုက်ဆောင်ရွက်

နေပြည်တော်　ဇန်နဝါရီ　၁၆

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်သည် စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ မုံရွာ၊ ရွှေဘိုနှင့် စစ်ကိုင်းခရိုင်များအတွင်းရှိ ခရိုင်နှင့်မြို့နယ် စာရင်းစစ်ရုံးတို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးစဉ် ပြည်ထောင်စုစာရင်းစစ်ချုပ်က စာရင်းစစ်ရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံ၍ မိမိတို့ရုံးအနေဖြင့် အစိုးရဌာနအဖွဲ့အစည်းများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ညီညွတ်စွာ ဆောင်ရွက်စေရန်နှင့် လမ်းမှန်ရောက်အောင် ထိန်းကျောင်းတည့်မတ်ပေးရကြောင်း၊ ငွေကြေးသုံးစွဲသော အစိုးရဌာနအဖွဲ့အစည်းများကို အလေအလွင့်၊ အယိုအဖိတ် မရှိစေရန်စစ်ဆေး၊ ဖော်ထုတ်ပေးခဲ့မှုများကြောင့် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှု ကျပ်သိန်းပေါင်း မြောက်မြားစွာ စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ ယင်းသို့ ထိန်းကျောင်းတည့်မတ်ပေးခြင်းဖြင့် အစိုးရဌာနအဖွဲ့အစည်းများသည် အလေအလွင့် အယိုအဖိတ် မရှိအောင်၊ ပေါ့ဆစွာ မလုပ်ကိုင်မိအောင်၊ စည်းစနစ်ကျနစွာ လုပ်ငန်းဆောင်ရွက်မှုများ ဖြစ်စေပြီး အချိန်မီ ပြုပြင်ပြောင်းလဲမှုများကြောင့် ကောင်းမွန်မှန်ကန်သည့် တိုးတက်မှုဘက်သို့ ရောက်ရှိသွားခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်မှု အရှိန်အဟုန်သည်လည်း ပိုမို၍မြင့်မားလာမည် ဖြစ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းအပေါ် အလေးအနက် စေတနာထားပြီး မသမာမှု၊ ပေါ့လျော့မှု မဖြစ်စေရေး ဂရုတစိုက်ဆောင်ရွက်ကာ ခံယူချက်အပြည့်ဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကြီးက အပ်နှင်းလိုက်သည့် တာဝန်များကို ဖြောင့်မတ်မှန်ကန်စွာ၊ လုပ်ငန်းစွမ်းရည်မြင့်မားစွာဖြင့် စစ်ဆေးဆောင်ရွက် ဖော်ထုတ်ကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ညောင်တုန်းမြို့နယ်၌ မြို့တွင်းကတ္တရာလမ်းသစ် ဖွင့်ပွဲကျင်းပ

ညောင်တုန်း　ဇန်နဝါရီ　၁၆

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၄) ရပ်ကွက်ကြားရှိ (၁၂)လမ်းနှင့် အမှတ် (၃)ရပ်ကွက် (၁၆) လမ်းတို့၏ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က အဆိုပါ လမ်းထိပ်မုခ်ဦးရှေ့၌ ကျင်းပသည်။

အဆိုပါ ကတ္တရာလမ်းသစ် (၁၂) လမ်းမှာ အရှည်ပေ ၄၁၀၊ (၁၆) လမ်းမှာ အရှည် ၂၅၅ ပေ ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပြင်သစ်နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Alain Juppe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၆

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ပြင်သစ်နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Alain Juppe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီးနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Thierry MATHOU လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးကိစ္စရပ်များ၊ လွှတ်တော်ဆိုင်ရာများ၊ ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များ၊ အာဆီယံ၏ အဓိကရည်မှန်းချက်များ၊ မြန်မာနိုင်ငံအတွင်း ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပြင်သစ်နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Alain Juppe အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဦးဇင်ယော်အား လက်ရှိတာဝန်ဝတ္တရားများအပြင် အီရန်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇင်ယော်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

၈၈-ပြည်သူ့အင်အားစုပါတီအား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြု

နေပြည်တော် ဇန်နဝါရီ ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၅/၂၀၁၂) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၅/၂၀၁၂)
၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

၈၈-ပြည်သူ့အင်အားစုပါတီ (88-FORCES OF PEOPLE'S PARTY)ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၄၆ လမ်း၊ ခိုင်ရွှေဝါလမ်းထောင့်၊ အမှတ်(၇၈)၊ ၆၉-၁၅ တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **၈၈-ပြည်သူ့အင်အားစုပါတီ (88-FORCES OF PEOPLE'S PARTY)** အား ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

၈၈-ပြည်သူ့အင်အားစုပါတီ (88-FORCES OF PEOPLE'S PARTY) ၏ မှတ်ပုံတင်အမှတ်မှာ (၄၈) ဖြစ်ပါသည်။

အမိန့်အရ
(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြု

နေပြည်တော် ဇန်နဝါရီ ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၆/၂၀၁၂) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၆/၂၀၁၂)
၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ ထန်းပင်ကုန်းလမ်းမကြီး၊ အမှတ်(၆)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**အား ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၄၉) ဖြစ်ပါသည်။

အမိန့်အရ
(ဝင်းကို)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး(တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၁၀ ၈။ အတီးပြိုင်ပွဲ
- ၈း၂၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၂၅ ၁၀။ "မနိုင်သောအရှုံး"
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ အကပြိုင်ပွဲ
- ၄း၃၅ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ်(သမိုင်းအထူးပြု) (သမိုင်း)
- ၅း၁၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၂၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၅း၃၀ ၈။ "ရေခဲများ အရည်ပျော်တဲ့အခါ"
- ၅း၄၅ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၃၅ ၁၃။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (ဒုတိယတွဲ) (အပိုင်း-၃၅)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
  - ၁၆။ နိုင်ငံတကာသတင်းများ
  - ၁၇။ မိုးလေဝသအခြေအနေ
  - ၁၈။ "ချိုမြိန်ရသောမုန့်ကမ္ဘာ"
  - ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား"(အပိုင်း-၁၈)**
  - ၂၀။ အိန္ဒိယရုပ်ရှင် "မော်ကွန်းတင်တဲ့ ပိန်းဒါးစစ်သည်"(အပိုင်း-၄) (ဇာတ်သိမ်း)
  - ၂၁။ အစီအစဉ်ပြီး၏။

သာဝတ္ထိမြို့ စမတောင်လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်၌ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အခြေခံအိမ်တွင်းမှုသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက တာဝန်ယူဖွင့်လှစ်သော နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိမြို့ စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်၌ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါပရဟိတကျောင်း၌ ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းသူများ စက်ချုပ်သင်ကြားနေမှုနှင့် သင်ကြားမည့် အင်္ကျီနမူနာပုံစံများ၊ သင်ထောက်ကူပစ္စည်းများနှင့် ခင်းကျင်းပြသထားမှုများကို ကြည့်ရှုအားပေးသည်။

သင်တန်းဖွင့်ပွဲသို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသူများ အသုံးပြုမည့် သင်တန်းသုံးပစ္စည်းများကို ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦး အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယခင်ဖောင် ပယ်ဖျက်၍ ယခုဖောင် အတည်ပြုပေးပါရန်

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး လဟယ်မြို့ နာဂ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးရှိ ညှိရိပ်သာနှင့် ရုံးအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

☆ **နာဂဒေသမှ**

ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူးက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ နယ်ခြားကျောက်တိုင်များ စစ်ဆေးမှု၊ ဒေသ၏ဝမ်းစာဖူလုံရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်၊ ဝင်ငွေတိုးတက်ရရှိရေးအတွက် တစ်ဧကလျှင် ငွေကျပ်သိန်း ၃၀ ခန့် ဝင်ငွေရရှိနိုင်မည့် ဟင်းခတ်အမွှေးအကြိုင် (Cadamom) စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ လေယာဉ်ကွင်းနှင့် လေကြောင်းဆက်သွယ်ရေး လေ့ကားထစ်လယ်ယာ တိုးချဲ့ဖော်ထုတ်မည့်အစီအစဉ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်း၍ ဒေသလိုအပ်ချက်များကို တင်ပြသည်။

ယင်းနောက် လဟယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူက လဟယ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက လဟယ်မြို့နယ် ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ထိထိရောက်ရောက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သူရဦးအေးမြင့်က ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်များ ပေါ်ပေါက်လာမှုနှင့် လွှတ်တော် လုပ်ငန်းများဆောင်ရွက်မှုကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ၏ ခရီးစဉ်တွင် လိုက်ပါလာကြသော ပြည်ထောင်စု ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့မိမြို့ဖတို့က တင်ပြသည့် ဒေသ၏ လိုအပ်ချက်များဖြစ်သော ကိုယ့်အားကိုယ်ကိုးကျောင်းများကို အဆင့်တိုးမြှင့်ပေးခြင်း၊ ယမ်းကြိုးအခြေခံပညာ အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ပေးရေး၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ ဆရာအတတ်သင် ကောလိပ် တက်ရောက်ခွင့်ရရှိရေး၊ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဝန်ထမ်းနေအိမ်ဆောက်လုပ်ရေး၊ လေ့ကားထစ်လယ်ယာဖော်ထုတ်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအပါအဝင် လိုအပ်ချက်များကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယနေ့မိမိတို့အဖွဲ့သည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဖွံ့ဖြိုးမှုအခြေအနေများကို လာရောက်ကြည့်ရှုပြီး တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ယခုကဲ့သို့ လဟယ်မြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ဤဒေသ၌ ရာသီဥတုအခြေအနေနှင့် လမ်းပန်းဆက်သွယ်မှု အခက်အခဲကြောင့် ဖွံ့ဖြိုးမှုများ နောက်ကျခဲ့ရကြောင်း၊ ယနေ့အချိန်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အနေဖြင့် ဒေသ၏ ဖွံ့ဖြိုးမှုအတွက် အနီးကပ်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရကလည်း ဤဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်ချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း။

ထို့ပြင် ယနေ့နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသဖြင့် နာဂဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှုများ အလျင်အမြန် ရရှိလာနိုင်မည်ဖြစ်ပါကြောင်း။

ဤဒေသတစ်ခုလုံး၏ ဝမ်းစာဖူလုံရေးအတွက် အလေးထားဆောင်ရွက်သွားရန် လိုပါကြောင်း၊ တောင်ယာစပါး မျိုးကောင်းမျိုးသန့်လဲလှယ်စိုက်ပျိုးခြင်း၊ လိုအပ်သည့်သွင်းအားစုများ ထည့်သွင်းပေးခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းများ ရရှိအောင် ဆောင်ရွက်ပါက ဒေသဝမ်းစာဖူလုံမှု ရရှိလာမည်ဖြစ်ပါကြောင်း၊ ဤနေရာတွင် လယ်ယာစာရင်းဇယားများ မှန်ကန်ရေးကို အလေးထားရန်လိုပါကြောင်း။

ဆက်လက်၍ ဒုတိယသမ္မတက ဒေသ၏ စီးပွားရေးဖြစ်ထွန်းမှုကို အထောက်အကူဖြစ်စေရန်အတွက် နွားနောက်၊ ဆိတ်မွေးမြူရေးများကို စနစ်တကျ မွေးမြူရေး၊ စီးပွားဖြစ်စိုက်ပျိုးနိုင်သည့် ဟင်းခတ်အမွှေးအကြိုင် (Cadamom)

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

○ **ကျောဖုံးမှ**

လိုအပ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အဆင်ပြေချောမွေ့စွာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

ယင်းနောက် လုံခြုံရေး၊ ပြန်ကြားရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ ကျန်းမာရေး၊ တည်းခိုရေးနှင့် နေရာချထားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

စကားဝါမြေဖောင်ဒေးရှင်းနာယက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း စကားဝါမြေဖောင်ဒေးရှင်း၏ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

ကျောက်ပန်းတောင်းမြို့နယ်၌ ဖွဲ့စည်းတည်ထောင်ထားသော စကားဝါမြေဖောင်ဒေးရှင်းအနေဖြင့် မြို့နယ်ပြည်သူ့ဆေးရုံ အဆင့်မြှင့်တင်ရေးအတွက် လိုအပ်သည့် ခွဲစိတ်ခန်းသုံး မော်နီတာတစ်လုံးနှင့် အောက်ဆီဂျင်ပေးစက်တစ်လုံးတို့ကို ဒေသခံပြည်သူများ၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုလွယ်ကူလျင်မြန်စေရန် ရည်ရွယ်၍ လှူဒါန်းရခြင်းဖြစ်ကြောင်း၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ဝန်းကျင်ဒေသများတွင် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ကျရေးအစီအစဉ်များကို ဟန်ချက်ညီညီ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် စကားဝါမြေဖောင်ဒေးရှင်းအနေဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည်များ ကူညီဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသော စကားဝါမြေဖောင်ဒေးရှင်း၏ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် စကားဝါမြေဖောင်ဒေးရှင်းနာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဆွေးနွေးပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇံ၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစံသောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်မော်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စကားဝါမြေဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံအတွက် ခွဲစိတ်ခန်းသုံး မော်နီတာတစ်လုံးအား ညွှန်ကြားရေးမှူးချုပ် ဦးမြတ်မော်နှင့် ဇနီးတို့ကလည်းကောင်း၊ အောက်ဆီဂျင်ပေးစက်တစ်လုံးအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်သန်းကလည်းကောင်း ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာယုဝေက လက်ခံသည်။

ယင်းနောက် ပုပ္ပားသံဃာ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် မျက်စိရောဂါဝေဒနာရှင်များအတွက် အလှူငွေကျပ်ငါးသိန်းကို စကားဝါမြေဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကြည်က ပေးအပ်လှူဒါန်းရာ ပုပ္ပားသံဃာ့ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစံဖေက လက်ခံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသည့် ရောဂါဝေဒနာရှင်များကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁-၂၀၁၂ (အင်္ဂါနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀	MRTV-4 သတင်း
၅း၄၀	"ဝိရိယနှင့် ဘဝပန်းတိုင်" တရားတော် (ဆရာတော်ဓမ္မဓရအရှင်ကုမာရ)
၆း၂၅	စွယ်တော်လေးဆူ ဆုပန်ယူ
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၉)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွန်ရာ" (အပိုင်း-၄၂)**
၈း၄၅	The Shop Around The Corner (Part-1)
၈း၅၀	Life & Dance 10th Anniversary Dance Concert (Part-1)
၉း၃၅	Cartoon Show Time
၁၀း၁၅	မဟာဂန္ဓာရုံငွေကျားတိုက် စာချကျောင်း ကျောင်းလွှတ်ပူဇာမင်္ဂလာ
၁၀း၃၅	ရိုသေစွာပူဇော်ဆင်နွှဲ. . . သုံးခွ အထက အာစရိယပူဇော်ပွဲ
၁၀း၄၅	Activities in The City
၁၁း၀၀	လက်တွေ့ပညာရှာ "ဒီ"စတူဒီယိုမှာ
၁၁း၂၀	ရန်ကုန်မြင်ကွင်းကျယ်
၁၁း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၂၇)**
၁၂း၁၀	Activities in The City
၁၂း၂၅	ဖန်သားရုပ်မြင်စာဆိုသဘင် "စာရေးခြင်းအနုပညာ" (ပုညခင်)
၁၂း၄၀	ထူးမြတ်ပူဇော်ဝိဇာတအလှူတော်
၁း၀၀	"ဝိရိယနှင့် ဘဝပန်းတိုင်" တရားတော် (ဆရာတော်ဓမ္မဓရအရှင်ကုမာရ)
၁း၄၀	မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီး ဗုဒ္ဓပူဇနိယပူဇော်ပွဲ
၂း၀၀	MRTV-4 သတင်း
၂း၂၀	Celebrity Style
၂း၅၅	Eternal Light မဂ္ဂဇင်း၏ စာပေဟောပြောပွဲ
၃း၁၀	ခေတ်မီသူတိုင်းရဲ့ လက်တွဲဖော်
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၉)**
၄း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွန်ရာ" (အပိုင်း-၄၂)**
၅း၀၅	သူတို့ဓလေ့ သူတို့အစဉ်အလာ (မိုးကုတ်မြို့မှ အလှူတော်မင်္ဂလာ)
၅း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၂၇)**
၆း၀၀	MRTV-4 သတင်း
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၉၀)**
၇း၁၀	Road To New Star Gems & Jewellery Show
၇း၂၀	Life & Dance 10th Anniversary Dance Concert (Part-2)
၈း၀၀	MRTV-4 သတင်း
၈း၃၀	New Star Gems & Jewellery Show (LIVE)
၁၁း၃၀	The Shop Around The Corner (Part-2)
၁၁း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွန်ရာ" (အပိုင်း-၄၃)**
၁၂း၁၀	Celebrity Choice
၁၂း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၂၈)**
၁း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁း၄၀	အနုပညာမိုးကောင်းကင်
၂း၀၀	"တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ"
၂း၁၅	သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (စိမ်းချိုသရက်သီး)
၂း၂၅	စွဲမက်ဖွယ်ရာ ရွှေတောင် ဒေသထွက် အစားအစာ
၂း၃၅	ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်မှုအန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	အလျော်အစား
၄း၁၅	လှပဝင့်ထည် မြန်မာ့ကြိမ်ထည်
၄း၃၀	မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်
၄း၄၀	သာယာဖွံ့ဖြိုး. . . တိုးတက်ဝေစည်. . . ဧည့်ဝတီ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

✳ စာမျက်နှာ ၆ မှ

စိုက်ပျိုးရာတွင် မျိုး၊ နည်းစနစ်မှန်ကန်ရေးအပြင် ဈေးကွက်ရရှိရေး၊ ရသင့်ရထိုက်သည့်ဈေးနှုန်း ရရှိရေးတို့ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဒေသဦးစီးအဖွဲ့တို့က ပေါင်းစပ်ကူညီ ဆောင်ရွက်ပေးရေး၊ အသေးစား ရေအားလျှပ်စစ် ထုတ်လုပ်နိုင်သည့် အရင်းအမြစ်များရှိသော ဒေသဖြစ်၍ လျှပ်စစ်စက် အသေးစားများ ဖြည့်ဆည်းပေးရေးအတွက် လာရောက်ကြည့်ရှု စီမံပေးရေး၊ ဆင်သေ-လဟယ်လမ်း၊ လဟယ်-လေရှီးလမ်း၊ နန်းယွန်း-ပန်ဆောင်လမ်းများကို ရာသီမရွေးသွားလာနိုင်အောင် နှစ်စဉ်အစီအမံများချထား၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသကျန်းမာရေး၊ ပညာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေးအတွက် ဖောင်ဒေးရှင်းဖွဲ့၍ အလှူရန်ပုံငွေများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသေးစိတ် ရှင်းလင်းမှာကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှု ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးက လဟယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက စောင်၊ အဝတ်အထည်၊ မီးသတ်ဝတ်စုံနှင့် ကြက်ခြေနီဝတ်စုံများ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ဆိုလာမီးအိမ်များ၊ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်၊ မက်စ်မြန်မာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အိုင်ဂျီအီး ကုမ္ပဏီဥက္ကဋ္ဌ ဦးနေအောင်တို့က လဟယ်ပြည်သူ့ဆေးရုံနှင့် ထန်ပါခွေတိုက်နယ်ဆေးရုံတို့အတွက် ဆေးပဒေသာ အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် လဟယ်မြို့အတွင်း ဈေးဆိုင်များ ဖွင့်လှစ်၍ ရောင်းဝယ်ဖောက်ကားနေမှုကို ကြည့်ရှုလေ့လာပြီး ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လဟယ်မြို့ သာသနာ့ပါလမော္ဗိမာန်တော်၌ ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇောတိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညို၍ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အိုင်ဂျီအီး ကုမ္ပဏီဥက္ကဋ္ဌ ဦးနေအောင်က သာသနာရေးလုပ်ငန်းများအတွက် အလှူတော်ငွေများကိုပေးအပ်လှူဒါန်းရာ မြို့နယ်သာသနာရေးမှူးက လက်ခံသည်။

ဆက်လက်၍ အတူလိုက်ပါလာသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးက ဆရာတော်ထံ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လဟယ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက လှိုက်လှဲခင်မင်စွာ ကြိုဆိုကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင် မြင့် ဦး လေရှီးမြို့ရှိ ဒေသခံ တိုင်း ရင်း သား၊ တိုင်း ရင်း သူ များ အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင် မြင့် ဦး လဟယ်မြို့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက် ရှိကြ သော လူနာများကို အားပေးစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် လဟယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆိုလာမီးအိမ်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဥတု ရာသီ တောကို မှီ၍

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား IMF Consultation Mission အဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား IMF Consultation Mission အဖွဲ့မှ Ms. Meral Kara Sulu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဗဟိုဘဏ် Conference Hall ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံဘဏ်လုပ်ငန်းနှင့် ငွေပေးချေမှုစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံခြားငွေလဲလှယ်ပေါင်းစည်းရေးလုပ်ငန်းဆိုင်ရာကိစ္စများနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ငွေရေးကြေးရေး ပြုပြင်ပြောင်းလဲမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား IMF Consultation Mission အဖွဲ့မှ Ms. Meral Kara Sulu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြောက်ပိုင်းခရိုင်၌ အခြေခံပန်းအလှထိုးနည်း သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ဇန်နဝါရီ ၁၂ ရက်တွင် မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံပန်းအလှထိုးနည်း သင်တန်းဖွင့်ပွဲကျင်းပရာ အဆိုပါသင်တန်းကို မြောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ယင်းသင်တန်းသို့ ခရိုင်အတွင်း မြို့နယ်ရှစ်မြို့နယ်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများ၊ မြို့နယ်မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင် သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဇန်နဝါရီ ၁၂ ရက်မှ ၁၄ ရက်ထိ သုံးရက်ကြာ သင်ကြားခဲ့ကြောင်း သိရသည်။ (၆၈၄)

မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက်သွားလာနိုင်အောင် လမ်းများ ပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန

နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ တက်ရောက်လာသော ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့အား နာဂတိုင်းရင်းသားအကြီးအကဲများက နွေးထွေးပျူငှာစွာ ကြိုဆိုကြစဉ်။ (သတင်းစဉ်)

***ရွှေဖုံးမှ**

ဒုတိယသမ္မတနှင့်ဇနီးတို့သည် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပရာပွဲတော်ကွင်းသို့ရောက်ရှိလာရာ နာဂတိုင်းရင်းသူများနှင့် နာဂတိုင်းရင်းသားအကြီးအကဲများက နွေးထွေးပျူငှာစွာကြိုဆိုကြသည်။

၂၀၁၂ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နံနက် ၉ နာရီတွင် စတင်ကျင်းပရာ ရှေးဦးစွာ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် အခမ်းအနားသဘာပတိ လေရှီးမြို့နယ်မှ ဒေသခံနာဂတိုင်းရင်းသား ဦးဘချိုက အမှာစကားပြောကြားရာတွင် မိမိတို့၏ နာဂရိုးရာနှစ်သစ်ကူးပွဲတော်သည် ယခင်ဘိုးဘွားလက်ထက်ကတည်းက မိမိတို့ကျေးရွာများ၌ မိမိတို့မျိုးနွယ်စုအလိုက် စိုက်ပျိုးသီးနှံရိတ်သိမ်းပြီးသည့် ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် အစဉ်အဆက် ကျင်းပပြုလုပ်ခဲ့ကြပါကြောင်း၊ ယင်းသို့ကျင်းပခဲ့ရာမှ ၁၉၉၂ ခုနှစ်ကစပြီး တစ်နေရာတည်းတွင် စုစည်းကျင်းပပြုလုပ်ခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း ၂၀ ရှိခဲ့ပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှုကို တင်ပြလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အဘက်ဘက်က ခေတ်နောက်ကျနေခဲ့သည့် နာဂဒေသကို အလျင်အမြန်ဖွံ့ဖြိုးတိုးတက်အောင် ၁၉၉၈ ခုနှစ်မှ ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်အထိ တပ်မတော်အစိုးရ အုပ်ချုပ်စဉ်ကာလနှင့် ၂၀၁၁ ခုနှစ် ဧပြီလမှစ၍ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ဦးဆောင်သည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် စနစ်သစ်အစိုးရကာလအထိ လမ်းတံတားကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သာသနာရေးကဏ္ဍ၊ စွမ်းအင်ရရှိရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ပြန်ကြားရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ သောက်သုံးရေရရှိရေးကဏ္ဍ၊ အိမ်ရာဆောက်လုပ်ရေးကဏ္ဍ စသည့်ကဏ္ဍများတွင် ကျပ်သန်းပေါင်းများစွာ အကုန်အကျခံပြီး ဆောင်ရွက်ပေးခဲ့သည်ကို ကျေးဇူးတင်ဝမ်းမြောက်စွာ တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ထို့အပြင် ၂၀၀၈ ခုနှစ် မေ ၁၀ ရက်က ပြည်သူများအတည်ပြုခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ကို စုစည်းပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ပေးခဲ့ပါကြောင်း၊ မိမိတို့ နာဂဒေသ လျင်လျင်မြန်မြန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူလရှိပြီးသုံးမြို့နယ်အပြင် ပန်ဆောင်မြို့နယ်ခွဲ၊ ဒုံဟီးမြို့နယ်ခွဲ၊ ထန်ပါခွေမြို့နယ်ခွဲ၊ မိုပိုင်းလွတ်မြို့နယ်ခွဲစသည့် မြို့နယ်ခွဲများအား မြို့နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြင့် စနစ်တကျစီမံခန့်ခွဲကာ ဒေသဖွံ့ဖြိုးရေးများ ဆတက်ထမ်းပိုး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ပေးခဲ့ခြင်းကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြောမဟုတ်ဘဲ လက်တွေ့ကျကျ ဆောင်ရွက်ပေးခဲ့သည်ကို အထူးပင် ဝမ်းမြောက်ဖွယ်တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရသည် မိမိတို့ နာဂဒေသအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းများကို ကဏ္ဍအလိုက် တင်ပြရလျှင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် လဟယ်မြို့နယ်အတွင်း၌ ခန္တီး(ဆင်သေ)-လဟယ်လမ်း၊ လဟယ်-ယမ်းကြဲလမ်း၊ လဟယ်-ကြူယမ်းလမ်း၊ လဟယ်-ဆော်လော်-ပုံညိုလမ်းစသည့် စုစုပေါင်း လမ်းအရှည် ၂၁၂ မိုင် ဖောက်လုပ်ပေးခဲ့ပါကြောင်း၊ လဟယ်-နန်းယွန်း မော်တော်ကားလမ်း ၉၈ မိုင် တစ်ဖာလုံကိုလည်း ၂၀၁၁ ခုနှစ် နန်းယွန်းမြို့ နာဂပွဲတော်ခရီးစဉ်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ နာဂဒေသအတွင်း လမ်းများ အဆင့်မြှင့်တင်ရန် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်း ငွေကျပ် သန်းပေါင်း ၁၃၁၈၉ ဒသမ ၃၁ သန်း အကုန်အကျခံ၍ နိုင်ငံတော်အစိုးရက လမ်း၊ တံတားများ ဖောက်လုပ်ပေးလျက်ရှိပါကြောင်း၊ နာဂဒေသအတွင်း ကြိုးတံတားပေါင်းများစွာကို နိုင်ငံတော်အစိုးရက ပံ့ပိုးပေးခဲ့သည့်အပြင် ခန္တီး(ဆင်သေ)-လဟယ် လမ်းပေါ်ရှိ နန့်စလိမ်ကားကူးကြိုးတံတားကြီးကိုလည်း ၂၀၀၉ ခုနှစ် နာဂပွဲတော်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းကို ဝမ်းသာကြည်နူးစွာ တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့စေရန် နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်ပေးခဲ့ခြင်းသည် တစ်ချိန်က မိမိတို့ နာဂတစ်မျိုးသားလုံး မျှော်မှန်းထားခဲ့သောအရာများဖြစ်ပါကြောင်း၊ ယခုပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီဖြစ်ပါကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့် ၁၉၈၈ ခုနှစ်မတိုင်မီကထက် (၂၅) ခုတင်ဆံ့ မြို့နယ်ဆေးရုံ သုံးရုံ၊ (၁၆) ခုတင်ဆံ့ မြို့နယ်ခွဲဆေးရုံ လေးရုံ၊ ခွဲစိတ်ဆောင် သုံးဆောင်၊ ဓာတ်ခွဲခန်း သုံးခန်းနှင့် ဓာတ်မှန်ဆောင် နှစ်ဆောင်၊ တိုက်နယ်ဆေးရုံ နှစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၁ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၄ ခုတို့ တိုးတက်ဖြစ်ပေါ်လာပြီး လိုအပ်သောဆေးဝါးများ ဖြည့်ဆည်းပေးလျက်ရှိသည့်အပြင် ဆေးရုံတိုင်းတွင်လည်း ဆေးပဒေသာပင်မတည်ငွေများ ထောက်ပံ့ပေးခဲ့ခြင်းကြောင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုတွင် ပိုမို ထိရောက်အောင်မြင်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် ၁၉၈၈ ခုနှစ်မတိုင်မီက လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များတွင် အထက်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်း လေးကျောင်း၊ မူလတန်းကျောင်း ၁၂၇ ကျောင်းသာ ရှိခဲ့ပါကြောင်း၊ ယခုအခါကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားရေး၊ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးဆိုသည့် ရည်ရွယ်ချက်အတိုင်း လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ထို့ပြင် အထက၊ အလကကျောင်းများ၊ စာဖြေဌာန၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ယခုဆိုလျှင် အစိုးရသစ်လက်ထက်တွင်လည်း တိုင်းဒေသကြီးအစိုးရနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့၏ စီမံခန့်ခွဲမှုဖြင့် ကျောင်းအဆင့်မြှင့်ပေးခြင်း၊ ဥပဓိရုပ်မကောင်းသည့် ကျောင်းဟောင်းများပြုပြင်ပေးခြင်း၊ ဆောက်လုပ်ပေးခြင်းအတွက် ရန်ပုံငွေကျပ် ၅၂၂ ဒသမ ၄ သိန်းတို့အားလည်းကောင်း၊ ဖေယျာပဒေသာဖောင်ဒေးရှင်းမှ ပညာရေးကဏ္ဍအတွက် ငွေကျပ် ၂၅ သိန်းထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများလည်း မြောက်မြားစွာပေါ်ထွန်းလာပြီး အဆင့်မြင့်ပညာများ ဆက်လက်တက်ရောက်သင်ကြားနိုင်သည့် အခွင့်အလမ်းများကို ပိုမိုရရှိခဲ့ပါကြောင်း၊ နာဂတိုင်းရင်းသား ပညာတတ်များ မြောက်မြားစွာပေါ်ထွန်းလာကာ စစ်ဘက်/နယ်ဘက်အသီးသီးတွင် မိမိဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပညာမြင့်မှလူမျိုးတင့်မည်ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်အစိုးရ၏ ပညာရေးမြှင့်တင်ပေးမှုအနှစ်သာရကို နာဂလူမျိုးများ ခံစားနေရပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့အခြေအနေ၊ မြန်မာ့အခြေအနေများ သိရှိနိုင်ရေးအတွက် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံခြောက်ရုံမှ ထုတ်လွှင့်ပြသပေးခြင်းနှင့် နန်းယွန်းမြို့နယ်တွင် CDMA မိုဘိုင်းလ်ဖုန်းများ တပ်ဆင်အသုံးပြုနိုင်ပြီဖြစ်သဖြင့် ဆက်သွယ်ရေးကဏ္ဍတွင်လည်း အလွန်အဆင်ပြေလျက်ရှိပါကြောင်း၊ မကြာခင်မှာပင် ပန်ဆောင်မြို့နယ်ခွဲ၌လည်း CDMA မိုဘိုင်းလ်ဖုန်းများ အသုံးပြုနိုင်တော့မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ဦးဆောင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသစ် လက်ထက်တွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်ကြီး (၈)ရပ်ဖြင့် မနားမနေ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ပါကြောင်း၊ မိမိတို့ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ လမ်းညွှန်ကြပ်မတ်မှုဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နာဂတိုင်းရင်းသားများကလည်း နိုင်ငံတော်မှအမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ထားသော ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးဆိုသည့် ဒိဋ္ဌတာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့၏ ချမှတ်ပေးသည့်မူဝါဒများအား လမ်းညွှန်မှုအဖြစ်ခံယူကာ မိမိတို့နာဂတိုင်းရင်းသားများ အပါအဝင် မြန်မာပြည်သူတစ်ရပ်လုံးက ရွေးချယ် ပုံဖော်ခဲ့သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လက်တွဲ ညီညီ ဆက်လက်ချီတက်ကြပါစို့ဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် တစ်ချိန်က ကျေးရွာများ၌သာ နာဂရိုးရာနှစ်သစ်ကူးပွဲတော်များကို ကျင်းပခဲ့ရာမှ တစုတစည်းတည်း စုစည်းလျက် ယခုကဲ့သို့ နာဂဒေသရှိ မြို့များတွင် အလှည့်ကျ ရိုးရာပွဲတော်ကြီးများကို ခမ်းနားစွာ ကျင်းပပေးခဲ့ရာ ယခုအကြိမ်သည် (၁၂)ကြိမ်မြောက်ပွဲတော်ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်များကိုစုစည်းပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဖြစ်ဖွဲ့စည်းခဲ့ပြီး

ဒုတိယသမ္မတ သီဟသူရဦးတင်အေ... ပွဲတော် အထိမ်းအမှတ်မီးပုံပွဲ၌ ဒေသခံတို... ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် မီးပုံပွဲ ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် မီးပုံပွဲ၌ မျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ ကပြဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ လမ်းညွှန်ကြပ်မတ်မှုဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နာဂတိုင်းရင်းသားများကလည်း နိုင်ငံတော်မှအမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ထားသော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည့်အတွက် ဒေသအုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခင်ထက် ပိုမိုဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရရှိနေပြီဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ဆက်သွယ်ရေးခက်ခဲသော ဒေသများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် နိုင်ရေးနှင့် ပုံမှန်အုပ်ချုပ်ရေးစနစ် ထူထောင်နိုင်ရေးအတွက် မြို့နယ်ခွဲများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဒုံဟီး၊ ထန်ပါခွေ၊ မိုပိုင်းလွတ်မြို့နယ်ခွဲရုံးများ ဖွင့်လှစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး နာဂရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်မီးပုံပွဲ၌ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ နာဂရိုးရာနှစ်သစ်ကူးပွဲတော်၌ ရိုးရာယဉ်ကျေးမှုကိုယ်စားလှယ်များ၊ ရိုးရာအကအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

စိုက်ပျိုးနိုင်ပြီး အထွက်ကောင်းမျိုးများဖြစ်သည့် ရွှေရင်အေး၊ ဆင်းဧကရီ(၃)နှင့် ယာအထွက်ကောင်းစပါးမျိုးများ ဖြန့်ဝေပေးနိုင်ခဲ့ပြီး တစ်ဧကတင်း ၇၀ မှ ၈၀ အထိ ထွက်ရှိအောင် စိုက်ပျိုးလာနိုင်မည်ဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် ဇေယျာပဒေသာဖောင်ဒေးရှင်းကို ထူထောင်ပြီး လိုအပ်သည့်မတည်ရင်းနှီးငွေများကို ကဏ္ဍအလိုက် ထုတ်ပေးဆောင်ရွက်ခဲ့ပါကြောင်း၊ လယ်ယာ

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဒေသခံတိုင်းရင်းသူ ဒေါ်ဖိုင်နောသေးက နာဂရိုးရာနှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံသမိုင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးထံ နာဂတိုင်းရင်းသားအကြီးအကဲ ဦးလှဖေက နှစ်သစ်ကူးလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတ၏ဇနီး

၂၀၁၂ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပနိုင်ရေးအတွက် ထောက်ပံ့ငွေ၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော် နှစ်စဉ်မပြတ်ကျင်းပနိုင်ရေးအတွက် အရင်းမပျောက် မတည်ငွေတို့ကို ပေးအပ်ရာ နာဂတိုင်းရင်းသားအကြီးအကဲ ဦးခေါ်လာစောကလက်ခံသည်။

ထို့နောက် ၂၀၁၂ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပနိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်တို့က အဝတ်အထည်များ၊ အိမ်သုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ၊ မီးသတ်ဝတ်စုံ၊ ကြက်ခြေနီဝတ်စုံ၊ ဆေးပစ္စည်း၊ မျိုးစပါး၊ ဟင်းသီးဟင်းရွက်မျိုးစေ့၊ ကွန်ပျူတာ၊ စာအုပ်၊ စာစောင်များ၊ အားကစားပစ္စည်းများနှင့် ဆိုလာပြားများကို ပေးအပ်လှူဒါန်းကြရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက လက်ခံကြသည်။

ယင်းနောက် နာဂဒေသ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများနှင့် မက်စ်မြန်မာကုမ္ပဏီ၊ အိုင်ဂျီအီးကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီ၊ ကမ္ဘောဇဘဏ်လီမိတက်၊ ဒေင်ကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီ၊ အော်ရီဂျင်နယ်ဂရု(ပ်)၊ ဂိုးဒင်းဖလားဝါးကုမ္ပဏီ၊ ရွှေတောင်ကုမ္ပဏီ၊ အေဝမ်းကုမ္ပဏီ၊ အိုင်ဘီတီစီကုမ္ပဏီတို့က လှူဒါန်းသည့် ငွေကျပ် သိန်း ၄၀၀၀ စုစုပေါင်းငွေကျပ်သိန်း ၅၀၀၀ ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် လုပ်ငန်းရှင်များကိုယ်စား မက်စ်မြန်မာ ကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အိုင်ဂျီအီး ကုမ္ပဏီဥက္ကဋ္ဌ ဦးနေအောင်တို့က ပေးအပ်ကြရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်ခံကြသည်။

၂၀၁၂ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

ကြီးအစိုးရတို့၏ ချမှတ်ပေးသည့်မူဝါဒများအား လမ်းညွှန်မှုအဖြစ်ခံယူကာ မိမိတို့နာဂတိုင်းရင်းသားများ အပါအဝင် မြန်မာပြည်သူတစ်ရပ်လုံးက ရွေးချယ် ပုံဖော်ခဲ့သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လက်တွဲ ညီညီဆက်လက်ချီတက်ကြပါစို့ဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် တစ်ချိန်က ကျေးရွာများ၌သာ နာဂရိုးရာနှစ်သစ်ကူးပွဲတော်များကို ကျင်းပခဲ့ရာမှ တစုတစည်းတည်း စုစည်းလျက် ယခုကဲ့သို့ နာဂဒေသရှိ မြို့များတွင် အလှည့်ကျ ရိုးရာပွဲတော်ကြီးများကို ခမ်းနားစွာ ကျင်းပပေးခဲ့ရာ ယခုအကြိမ်သည် (၁၂)ကြိမ်မြောက်ပွဲတော်ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်များကိုစုစည်းပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဖြစ်ဖွဲ့စည်းခဲ့ပြီး ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက် ရှိပါကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေး၌ အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် နှစ်စဉ်တိုးတက်ပြုပြင် ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုဆိုလျှင် နာဂဒေသအတွင်း ကူးလူးဆက်ဆံမှု ပိုမိုတိုးတက်ကောင်းမွန်နေပြီဆိုသည်ကို ဒေသခံတိုင်းရင်းသားအားလုံး မျက်မြင်ထင်ရှားတွေ့သိခံစားနေရပြီဖြစ်ပါကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်များကို ဗဟိုကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် လုပ်ငန်းကော်မတီ၊ ခရိုင်၊ မြို့နယ်ဆပ်ကော်မတီများ ဖွဲ့စည်းပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားရေးအတွက် အောက်ခြေရွာငယ်များအထိ ကွင်းဆင်းပြီး ပြည်သူများ၏ ဆင်းရဲမှုနှုန်းလျှော့ကျအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် ယခင်စပါးစိုက်ဧက ၂၀၀၀၀ ခန့်သာ ရှိခဲ့ရာမှ ယခုဆိုလျှင် စိုက်ဧက ၂၇၀၀၀ ကျော် ကဏ္ဍဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၁၂၈၈ သိန်း၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၉၄၁ သိန်း မတည်ပေးသကဲ့သို့ မွေးမြူရေးဇုန်ထူထောင်ခြင်းကိုလည်း အားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ အသေးစားချေးငွေဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ၁၈၃၄ သိန်း၊ ကျေးလက်အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ၁၄၄၄ သိန်း၊ သမဝါယမ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ၈၁၈၇ သိန်းကို မတည်ပေးခဲ့ပါကြောင်း။

နာဂဒေသတိုင်းရင်းသားများသည် ရိုးသားဖြူစင်ကြပြီး နာဂဒေသဖွံ့ဖြိုးရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် အားကြိုးမာန်တက် ပူးပေါင်းလုပ်ဆောင်နေကြောင်း သိရသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဒေသခံ တိုင်းရင်းသားပြည်သူများ အနေဖြင့် မိမိဒေသတွင်းတွင်ရှိသည့် ရေမြေသယံဇာတ အရင်းအမြစ်များကို အကျိုးရှိစွာအသုံးပြု၍ လူနေမှုဘဝ တိုးတက်မြင့်မားအောင် ကြိုးစားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဒေါ်ခင်စောနှင်းထံ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၏ဇနီး ဒေါ်ပြုံးပြုံးက နှစ်သစ်ကူးလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူးက ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးတို့အားလည်းကောင်း၊ နာဂတိုင်းရင်းသူ ဒေါ်ဟားရင်သေးက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်ဝေဝေခိုင်အားလည်းကောင်း နှစ်သစ်ကူးလက်ဆောင်ကိုဂါရဝပြုပေးအပ်ကြသည်။

ယင်းနောက် နာဂရိုးရာ ဗဟိုကော်မတီနာယက ဦးလှထွန်းနှင့် ဥက္ကဋ္ဌ ဦးမြတ်ကိုတို့က အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လုပ်ငန်းရှင်များအား နှစ်သစ်ကူးလက်ဆောင်ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက ပေးအပ်ရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဦးအောင်ဝင်းနှင့် ဦးမောင်ညာဏ်တို့က လက်ခံကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းငွေကျပ်သိန်း ၁၀၀၀၊ တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများ ဖြစ်ကြသည့်

ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်ရာ ထူးချွန်ကျောင်းသားများကိုယ်စား မဇင်မာလွင်က လက်ခံသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့◆

နာဂ ရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသည်များအား တွေ့ရစဉ်။ (သတင်းစဉ်)

◆ စာမျက်နှာ ၉ မှ

ယင်းနောက် ပွဲတော်အထိမ်းအမှတ် ကံစမ်းမဲအစီအစဉ်ကိုကျင်းပရာ DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်၊ လက်ဆွဲမီးစက်နှင့် ဆိုလာပြားများ မဲပေါက်ကြသည့် ရပ်ကွက်/ ကျေးရွာ ၁၀ ခုကို ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက လည်းကောင်း၊ အဝတ်အထည်များ မဲပေါက်ကြသည့် ရပ်ကွက်/ကျေးရွာ ၁၄ ခုကို ဒုတိယဝန်ကြီး ဦးဘုန်းဆွေကလည်းကောင်း ပေးအပ်ကြသည်။

ထို့ပြင် နာဂဒေသမှ တိုင်းရင်းသား၊ တိုင်းရင်းသူများအား နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီး သုံးမြို့သို့ အခမဲ့လေ့လာရေး ကံစမ်းမဲအစီအစဉ်များကို မဲဖောက်ပေးသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် ဇနီးတို့သည် ပွဲတော်အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ၊ ရိုးရာယဉ်ကျေးမှု ကိုယ်စားလှယ်များနှင့် ဒေသခံနာဂ တိုင်းရင်းသား၊ တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ညပိုင်းတွင် နာဂရိုးရာနှစ်သစ်ကူး ပွဲတော်ကွင်း၌ ကျင်းပသော မီးပုံပွဲအခမ်းအနားသို့ တက်ရောက်ပါဝင်ဆင်နွှဲကြသည်။

ဖွင့်လှစ်

နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်မီးပုံပွဲကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူးက မီးထွန်းညှိ၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် မျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှုအကအဖွဲ့များက အလှည့်ကျကပြဖျော်ဖြေကြရာ ဒုတိယသမ္မတနှင့် ဇနီးတို့က ဝမ်းဘဲအုပ်စုအမျိုးသားအကအဖွဲ့အား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်သူရဦးအေးမြင့်၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် လုပ်ငန်းရှင်များက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

မီးပုံပွဲအပြီးတွင် ဒုတိယသမ္မတနှင့် ဇနီးတို့သည် ရိုးရာယဉ်ကျေးမှုအကအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရာတွင် ထူးချွန်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များစွာ လိုအပ်မည်ဖြစ်

အမှာစကားပြောကြား

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၉) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၆

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၉) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ၊ ဆရာမ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၅၀၂ ဦး တက်ရောက်ကြသည်။

အခမ်းအနား၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကား ပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမဏ္ဍိုင်မှာ ပညာရေးဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရာတွင် ထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင်များစွာ လိုအပ်မည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များအပါအဝင် တစ်နိုင်ငံလုံး၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံကျသော လိုအပ်ချက်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီမြင့်မားလာအောင် တိုးတက်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်လာရေးကိုလည်း အလေးထား အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိကျင့်သုံးနေသော အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကို ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် လက်ရှိဖွင့်လှစ်ပြီး တက္ကသိုလ်၊ ကောလိပ်များ၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများ၏ အရည်အသွေးမြှင့်တင်ရေး၊ သင်ထောက်ကူပစ္စည်းများ ပိုမိုအသုံးပြုနိုင်ရေး၊ ပညာရေး ဝန်ထမ်းများ၏ အရည်အချင်းမြင့်မားရေးနှင့် ၎င်းတို့၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေး၊ အလယ်တန်းနှင့် အထက်တန်းကျောင်း တက်ရောက်မှုနှုန်း မြင့်မားလာရေးတို့ကို ဆက်လက်ဆောင်ရွက်ရင်း နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်းကို တက်လှမ်းနိုင်ရေး ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်က ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍကို တိုးတက်ဖွံ့ဖြိုးအောင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ယခုလိုအခါသမယတွင် ဆရာ၊ ဆရာမများ အနေဖြင့် မိမိတို့ ကျရာပညာရေးကဏ္ဍမှ တစ်တပ်တစ်အား ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ အခြေခံပညာ အထက်တန်းကျောင်းများတွင် တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်း ကောင်းမွန်လာစေရန် ကျောင်းတိုင်း ကျောင်းတိုင်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည်မှာ ကောင်းမွန်ကြောင်း၊ သို့ရာတွင် တက္ကသိုလ်ဝင်တန်း အောင်မြင်လာသော ကျောင်းသား၊ ကျောင်းသူများအားလုံး စံချိန်မီ အရည်အသွေးရရှိစေရေးကိုလည်း အားထုတ်ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ တပည့်များ အမှန်တကယ်တတ်ကျွမ်းလာစေရေး အတွက် ဆရာ၊ ဆရာမများ၏ အရည်အသွေးတိုးတက်ကောင်းမွန်လာရေး၊ ကျောင်းသား၊ ကျောင်းသူများ အလွတ်ကျက် နှုတ်တိုက်ဖြေဆိုခြင်းမှ လွတ်မြောက်အောင် ကလေးဗဟိုပြုသင်ကြားရေးတို့ကို ထိထိရောက်ရောက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အင်္ဂလိပ်စာသည် မိခင်ဘာသာရပ်ပြီးလျှင် ကမ္ဘာတွင် သင်ကြားအသုံးဝင်မှု အများဆုံးဘာသာရပ်ဖြစ်၍ အမှန်တကယ်တတ်မြောက်စေရန်၊ အင်္ဂလိပ်စာအခြေခံ ပီပီပြင်ပြင် ရရှိစေရန်သင်ကြားပေးစေလိုကြောင်း၊ စာရိတ္တ၊ ပြည်သူ့နီတိ စသည့် မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာနှင့် ကိုက်ညီအောင် ပြဋ္ဌာန်းသတ်မှတ်ထားသည့် သင်ခန်းစာများကိုလည်း သင်ကြားပေးရမည်ဖြစ်ကြောင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် စာရိတ္တပိုင်းဆိုင်ရာ သာမက ကိုယ်ကာယရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ပညာရေး၊ ကျန်းမာရေးနှင့် အားကစားတို့ကိုပါ တွဲဖက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယခုသင်တန်းကာလ ငါးပတ်အတွင်း ဆရာ၊ ဆရာမများအနေဖြင့် သင်တန်းက ပို့ချချက်များ၊ လက်တွေ့လေ့ကျင့်မှုများကို ကြိုးစားလိုက်နာသင်ယူသွားရမည်ဖြစ်သည့် အပြင် သင်တန်း၏ စည်းမျဉ်းစည်းကမ်းများကိုလည်း တိတိကျကျလိုက်နာစောင့်ထိန်း သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသစ်၏ နိုင်ငံတော်သစ် တည်ဆောက်ရေး နှင့် ပတ်သက်သော မူဝါဒ၊ လုပ်ငန်းစဉ်များအပြင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့၏ ပညာရေးကဏ္ဍနှင့် ပတ်သက်သော မူဝါဒနှင့် လုပ်ငန်းစဉ်များကို စနစ်တကျလေ့လာပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရာတွင် အခြေခံပညာကဏ္ဍမှ ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

၂၀၁၂ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့တွင် နေပြည်တော်ဘော်လီဘောကွင်း၌ ကျင်းပရာ နံနက်ပိုင်းပထမပွဲစဉ်၌ ပြန်ကြားရေးဝန်ကြီးဌာန အသင်းက အလုပ်သမားဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အသင်းက ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ညနေပိုင်း ပထမပွဲစဉ်၌ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲ - တစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိကြပြီး ဇန်နဝါရီ ၁၇ ရက် ညနေ ၃ နာရီခွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ ကလေးသူငယ်နှင့် လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကလေးသူငယ်နှင့် လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကကြီးမှူး၍ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့၏ပံ့ပိုးမှုဖြင့် ကလေးသူငယ်နှင့် လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် မစ္စတာရာမက်ရှ် ရှရက်စ်သာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးတင်ညိုက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ဝန်ကြီးဌာနကိုးခု၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ NGO များနှင့် လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့် ကူညီပံ့ပိုးသူများ စုစုပေါင်း ၅၅ ဦးတို့က ကလေးသူငယ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စာတမ်းပေါင်း ၁၀ စောင်ကို ဇန်နဝါရီ ၁၈ ရက်အထိ ဖတ်ကြားဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ NGO များနှင့် လူမှုရေးအသင်းအဖွဲ့များမှ ထုတ်ဝေထားသော စာအုပ်၊ စာစောင်များနှင့် မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားပြီး အလုပ်ရုံဆွေးနွေးပွဲမှ မြန်မာနိုင်ငံအတွင်း ကလေးသူငယ်နှင့် လူ့အခွင့်အရေးပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အစီအစဉ်များချမှတ်ခြင်းနှင့် သတင်းအချက်အလက်များ စုစည်းခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

KIA (ကချင်)အဖွဲ့ ထောင်ထားသော မိုင်းတစ်လုံးတိုက်မိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦးဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ထန်းလေးကုန်းကျေးရွာနေ ဦးအောင်ကျော်မြင့် (၄၆)နှစ်သည် ဇနီးဖြစ်သူ ဒေါ်နွယ်အေးနှင့်အတူ လွန်ခဲ့သည့် ရှစ်နှစ်ခန့်မှစ၍ ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ၌ နေထိုင်ပြီး မီးသွေးလုပ်ငန်းလုပ်ကိုင်လျက်ရှိရာ ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီခန့်တွင် ဦးအောင်ကျော်မြင့်သည် မီးသွေးဖုတ်ရန် သွားရောက်စဉ် လယ်ပြင်ကျေးရွာ၏ အရှေ့ဘက်နှစ်မိုင်ခန့်အကွာ၌ KIA (ကချင်)အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံး တိုက်မိသဖြင့် ဦးအောင်ကျော်မြင့်၏ လက်ဝဲဘက်လက်မ၊ လက်ခလယ်နှင့် လက်သူကြွယ်တို့ ပြတ်တောက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိသူအား နယ်မြေခံ တာဝန်ရှိသူတို့က မိုးကောင်းဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသရန် ဆောင်ရွက်ခဲ့သော်လည်း KIA (ကချင်)အဖွဲ့က ကားလမ်းများ ပိတ်ထားသဖြင့် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းတွင် စက်လှေဖြင့် ဟုမ္မလင်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
ရတနာပုံတက္ကသိုလ်
(၁၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ရတနာပုံတက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သည့် ရတနာပုံတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် ပေါင်းစည်းဆက်သွယ်ထားသော မြင်းခြံဒီဂရီကောလိပ်တို့မှ ဘွဲ့ရစာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ရတနာပုံတက္ကသိုလ်၏ (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်ပါသည်။

ဘွဲ့နှင်းသဘင် ပထမနေ့ ၂၅-၁-၂၀၁၂ရက် အစီအစဉ်
အပိုင်း-၁-နံနက်ပိုင်း နံနက် ၉း၀၀နာရီ

မဟာသုတေသနဘွဲ့ သမိုင်း၊ ရူပဗေဒ
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ သမိုင်း၊ ရူပဗေဒ (ခုံအမှတ် ၂မဟာရပ-၁မှ ၁၀ထိ)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ သမိုင်း၊ စာရင်းအင်းပညာ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ သမိုင်း၊ ရူပဗေဒ (ခုံအမှတ် ၃ရပ-၁ မှ ၂၂၈ ထိ)
စာရင်းအင်းပညာ (ခုံအမှတ် ၃စအ-၁မှ ၁၁၁ထိ)

ဘွဲ့နှင်းသဘင်ပထမနေ့ ၂၅-၁-၂၀၁၂ရက် အစီအစဉ်
အပိုင်း-၂-မွန်းလွဲပိုင်း မွန်းလွဲ ၂း၀၀နာရီ

မဟာသုတေသနဘွဲ့ ဒဿနိကဗေဒ
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ ဒဿနိကဗေဒ၊ ရူပဗေဒ (ခုံအမှတ် ၂မဟာရပ-၁၁မှ ၂၅ ထိ)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ ဒဿနိကဗေဒ၊ ရူပဗေဒ (ခုံအမှတ် ၂ဂုဏ်ရပ-၁နှင့် ၂၆ ထိ)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ ဒဿနိကဗေဒ၊ ရူပဗေဒ (ခုံအမှတ် ၃ရပ-၂၂၉မှ ၄၅၆ထိ)
စာရင်းအင်းပညာ (ခုံအမှတ် ၃ စအ-၁၁၂နှင့်အထက်)

ပထမနေ့(အပိုင်း-၁၊အပိုင်း-၂)၊ အစမ်းလေ့ကျင့်ရက်
၂၄-၁-၂၀၁၂ရက် နံနက် ၉း၀၀နာရီ

ဘွဲ့နှင်းသဘင်ဒုတိယနေ့ ၂၆-၁-၂၀၁၂ရက် အစီအစဉ်
အပိုင်း-၃ -နံနက်ပိုင်း၊ နံနက် ၉း၀၀နာရီ

မဟာသုတေသနဘွဲ့ မြန်မာစာ(ခုံအမှတ် မဟာသု-မ-၁ မှ ၆ထိ)
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ မြန်မာစာ၊ရူပဗေဒ(ခုံအမှတ် ၂မဟာရပ-၂၆နှင့်အထက်)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ မြန်မာစာ၊ရူပဗေဒ(ခုံအမှတ် ၂ဂုဏ်ရပ-၂၇နှင့်အထက်)၊ ကွန်ပျူတာသိပ္ပံ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ မြန်မာစာ၊ ရူပဗေဒ(ခုံအမှတ် ၃ရပ-၄၅၇နှင့်အထက်)၊ ကွန်ပျူတာသိပ္ပံ

ဘွဲ့နှင်းသဘင် ဒုတိယနေ့ ၂၆-၁-၂၀၁၂ရက် အစီအစဉ်
အပိုင်း-၄- မွန်းလွဲပိုင်း၊ မွန်းလွဲ ၂း၀၀နာရီ

မဟာသုတေသနဘွဲ့ မြန်မာစာ(ခုံအမှတ်မဟာသု-မ ၇နှင့်အထက်)
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ နိုင်ငံတကာဆက်ဆံရေးပညာ၊ ဘူမိဗေဒ
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ နိုင်ငံတကာဆက်ဆံရေးပညာ၊ စာကြည့်တိုက်နှင့် သုတပညာ၊ ဘူမိဗေဒ၊ အဏုဇီဝဗေဒ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ နိုင်ငံတကာဆက်ဆံရေးပညာ၊ စာကြည့်တိုက်နှင့်သုတပညာ၊ ဘူမိဗေဒ၊အဏုဇီဝဗေဒ

ဒုတိယနေ့(အပိုင်း-၃၊ အပိုင်း-၄)၊ အစမ်းလေ့ကျင့်ရက် ၂၄-၁-၂၀၁၂ ရက် မွန်းလွဲ ၂း၀၀ နာရီ

ဘွဲ့နှင်းသဘင်တတိယနေ့ ၂၉-၁-၂၀၁၂ ရက် အစီအစဉ်
အပိုင်း-၅- နံနက်ပိုင်း၊ နံနက် ၉း၀၀နာရီ

မဟာသုတေသနဘွဲ့ ဓာတုဗေဒ(မဟာသု-ဓ-၁မှ ၆ထိ)
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ အင်္ဂလိပ်စာ (ခုံအမှတ် ၂မဟာ အ-၁မှ ၁၀ထိ)၊ ဓာတုဗေဒ (ခုံအမှတ် ၂ မဟာဓ-၁ မှ ၁၅ ထိ)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ အင်္ဂလိပ်စာ(ခုံအမှတ် ၂ဂုဏ်အ-၁မှ ၂၄ထိ)၊ဓာတုဗေဒ(ခုံအမှတ်၂ဂုဏ် ဓ-၁မှ ၁၆ထိ)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ အင်္ဂလိပ်စာ(ခုံအမှတ် ၃အ-၁မှ ၁၃၀ထိ)၊ ဓာတုဗေဒ(ခုံအမှတ် ၃ဓ-၁မှ ၂၈၇ထိ)

ဘွဲ့နှင်းသဘင် တတိယနေ့ ၂၉-၁-၂၀၁၂ရက် အစီအစဉ်
အပိုင်း-၆ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂း၀၀နာရီ

မဟာသုတေသနဘွဲ့ ဓာတုဗေဒ(မဟာသု-ဓ-၇နှင့်အထက်)
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ အင်္ဂလိပ်စာ(ခုံအမှတ် ၂ မဟာအ-၁၁မှ၂၁ထိ)၊ ဓာတုဗေဒ (ခုံအမှတ် ၂ မဟာဓ-၁၆နှင့် အထက်)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ အင်္ဂလိပ်စာ(ခုံအမှတ် ၂ ဂုဏ်အ-၂၅ မှ ၅၄ ထိ)၊ ဓာတုဗေဒ (ခုံအမှတ် ၂ ဂုဏ်ဓ-၁၇နှင့်အထက်)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ အင်္ဂလိပ်စာ(ခုံအမှတ် ၃ အ-၁၃၁မှ ၂၅၆ထိ)၊ ဓာတုဗေဒ (ခုံအမှတ် ၃ ဓ-၂၈၈နှင့်အထက်)

တတိယနေ့ (အပိုင်း-၅၊ အပိုင်း-၆)၊ အစမ်းလေ့ကျင့်ရက်
၂၈-၁-၂၀၁၂ ရက် နံနက် ၉း၀၀နာရီ

ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ အင်္ဂလိပ်စာ (ခုံအမှတ် ၂ဂုဏ်အ-၅၅မှ ၆၈ထိ)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ အင်္ဂလိပ်စာ(ခုံအမှတ် ၃ အ-၂၅၇မှ ၄၂၇ထိ)၊ ကုန်ထုတ်ဓာတုဗေဒ (ခုံအမှတ် ၃ ကဓ-၁မှ ၂၆၉ထိ)

ဘွဲ့နှင်းသဘင် စတုတ္ထနေ့ ၃၀-၁-၂၀၁၂ ရက် အစီအစဉ်
အပိုင်း-၈ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂း၀၀ နာရီ

မဟာဝိဇ္ဇာဘွဲ့ အင်္ဂလိပ်စာ(ခုံအမှတ် ၂ မဟာအ-၃၂နှင့်အထက်)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ အင်္ဂလိပ်စာ (ခုံအမှတ် ၂ ဂုဏ်အ-၆၉နှင့်အထက်)၊ ကုန်ထုတ်ဓာတုဗေဒ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ အင်္ဂလိပ်စာ(ခုံအမှတ် ၃ အ-၄၂၈နှင့်အထက်)၊ မြန်မာမှု၊ ကုန်ထုတ်ဓာတုဗေဒ(ခုံအမှတ် ၃ ကဓ-၂၇၀နှင့်အထက်)

စတုတ္ထနေ့(အပိုင်း-၇၊ အပိုင်း-၈)၊ အစမ်းလေ့ကျင့်ရက်
၂၈-၁-၂၀၁၂ရက် မွန်းလွဲ ၂း၀၀ နာရီ

ဘွဲ့နှင်းသဘင် ပဉ္စမနေ့ ၇-၂-၂၀၁၂ ရက် အစီအစဉ်
အပိုင်း-၉ နံနက်ပိုင်း၊ နံနက် ၉း၀၀နာရီ

မဟာသုတေသနဘွဲ့ ဥပဒေပညာ၊ ရုက္ခဗေဒ
မဟာဥပဒေဘွဲ့ ဥပဒေပညာ (ခုံအမှတ် ၂ မဟာဥ-၁ မှ ၄၆ ထိ)
မဟာသိပ္ပံဘွဲ့ သတ္တဗေဒ(ခုံအမှတ် ၂ မဟာသခ-၁မှ ၁၆ ထိ)
သိပ္ပံ (ဂုဏ်ထူး)ဘွဲ့ သတ္တဗေဒ (ခုံအမှတ် ၂ ဂုဏ်သခ-၁ မှ ၅ထိ)၊ ရုက္ခဗေဒ (ခုံအမှတ် ၂ ဂုဏ်ရခ-၁မှ ၁၀ထိ)
ဥပဒေဘွဲ့ ဥပဒေပညာ (ခုံအမှတ် ၁ မှ ၁၀၂ထိ)
သိပ္ပံဘွဲ့ သတ္တဗေဒ(ခုံအမှတ် ၃ သခ-၁မှ ၁၂၀ထိ)၊ ရုက္ခဗေဒ(ခုံအမှတ် ၃ ရခ-၁ မှ ၁၆၆ ထိ)

ဘွဲ့နှင်းသဘင် ပဉ္စမနေ့ ၇-၂-၂၀၁၂ရက် အစီအစဉ်
အပိုင်း-၁၀- မွန်းလွဲပိုင်း၊ မွန်းလွဲ ၂း၀၀နာရီ

မဟာသုတေသနဘွဲ့ သတ္တဗေဒ(မဟာသု-သခ-၁ မှ ၈ ထိ)
မဟာဥပဒေဘွဲ့ ဥပဒေပညာ(ခုံအမှတ် ၂ မဟာဥ-၄၇မှ ၉၄ထိ)
မဟာသိပ္ပံဘွဲ့ သတ္တဗေဒ(ခုံအမှတ် ၂ မဟာသခ-၁၇ မှ ၃၁ ထိ)
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ သတ္တဗေဒ(ခုံအမှတ် ၂ ဂုဏ်သခ-၆ မှ ၁၁ထိ)၊ ရုက္ခဗေဒ(ခုံအမှတ် ၂ ဂုဏ် ရခ-၁၁မှ ၂၀ ထိ)
ဥပဒေဘွဲ့ ဥပဒေပညာ(ခုံအမှတ် ၄ ဥ-၁၀၃ မှ ၂၁၆ ထိ)
သိပ္ပံဘွဲ့ သတ္တဗေဒ(ခုံအမှတ် ၃ သခ-၁၂၁ မှ ၂၄၁ ထိ)၊ ရုက္ခဗေဒ (ခုံအမှတ် ၃ ရခ-၁၆၇မှ ၃၃၄ထိ)

ပဉ္စမနေ့ (အပိုင်း-၉၊ အပိုင်း-၁၀)၊ အစမ်းလေ့ကျင့်ရက်
၆-၂-၂၀၁၂ရက် နံနက် ၉း၀၀ နာရီ

ဘွဲ့နှင်းသဘင် ဆဋ္ဌမနေ့ ၈-၂-၂၀၁၂ရက် အစီအစဉ်
အပိုင်း-၁၁- နံနက်ပိုင်း၊ နံနက် ၉း၀၀ နာရီ

မဟာသုတေသနဘွဲ့ သတ္တဗေဒ(မဟာသု-သခ-၉နှင့် အထက်)
မဟာဥပဒေဘွဲ့ ဥပဒေပညာ (ခုံအမှတ် ၂ မဟာဥ-၉၅ နှင့်အထက်)၊
မဟာသိပ္ပံဘွဲ့ သတ္တဗေဒ(ခုံအမှတ် ၂ မဟာသခ-၃၂မှ၄၁ထိ)၊ ရုက္ခဗေဒ
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ သတ္တဗေဒ(ခုံအမှတ် ၂ ဂုဏ်သခ-၁၂ မှ ၁၆ ထိ)၊ ရုက္ခဗေဒ (ခုံအမှတ် ၂ ဂုဏ် ရခ-၂၁ နှင့် အထက်)
ဥပဒေဘွဲ့ ဥပဒေပညာအထူးပြု(ခုံအမှတ် ၄ ဥ-၂၁၉ နှင့် အထက်)
သိပ္ပံဘွဲ့ သတ္တဗေဒ(ခုံအမှတ် ၃ သခ-၂၄၂ မှ ၃၉၁ ထိ)၊ ရုက္ခဗေဒ(ခုံအမှတ် ၃ ရခ-၃၃၅ နှင့် အထက်)

ဘွဲ့နှင်းသဘင်ဆဋ္ဌမနေ့ ၈-၂-၂၀၁၂ ရက် အစီအစဉ်
အပိုင်း-၁၂-မွန်းလွဲပိုင်း၊ မွန်းလွဲ ၂း၀၀ နာရီ

မဟာသုတေသနဘွဲ့ အရှေ့တိုင်းပညာ၊ ရှေးဟောင်းသုတေသနပညာ
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ ရှေးဟောင်းသုတေသနပညာ၊ သတ္တဗေဒ(ခုံအမှတ်-၂၊ မဟာသခ-၄၂နှင့်အထက်)
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ ရှေးဟောင်းသုတေသနပညာ၊ သတ္တဗေဒ(ခုံအမှတ်-၂ဂုဏ်သခ-၁၇နှင့်အထက်) ဇျူကလိယရူပဗေဒ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ အရှေ့တိုင်းပညာ၊ ရှေးဟောင်းသုတေသနပညာ၊ သတ္တဗေဒ (ခုံအမှတ်-၃သခ-၃၉၂နှင့်အထက်)

ဆဋ္ဌမနေ့ (အပိုင်း-၁၁၊ အပိုင်း-၁၂)အစမ်းလေ့ကျင့်ရက်- ၆-၂-၂၀၁၂ မွန်းလွဲ ၂း၀၀နာရီ

ဘွဲ့နှင်းသဘင်သတ္တမနေ့ ၁၄-၂-၂၀၁၂ ရက် အစီအစဉ်
အပိုင်း-၁၃၊ နံနက်ပိုင်း၊ နံနက် ၉း၀၀နာရီ

မဟာသုတေသနဘွဲ့ သတ္တာဗေဒ
မဟာဝိဇ္ဇာဘွဲ့/ မဟာသိပ္ပံဘွဲ့ ပထဝီဝင်၊ သတ္တာဗေဒ
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ သတ္တာဗေဒ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ ပထဝီဝင်၊ သတ္တာဗေဒ(ခုံအမှတ်-၃သတ၁ မှ ၂၀၃ ထိ)၊ ဇီဝဓာတုဗေဒ (ခုံအမှတ်-၃ ဇဓ-၁ မှ ၁၀၂ထိ)

ဘွဲ့နှင်းသဘင်သတ္တမနေ့ ၁၄-၂-၂၀၁၂ ရက် အစီအစဉ်
အပိုင်း-၁၄၊ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂း၀၀နာရီ

မဟာဝိဇ္ဇာဘွဲ့ မနုဿဗေဒ
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ မနုဿဗေဒ၊ ဇီဝဓာတုဗေဒ
ဝိဇ္ဇာဘွဲ့/ သိပ္ပံဘွဲ့ မနုဿဗေဒ၊ သတ္တာဗေဒ(ခုံအမှတ်-၃သတ-၂၀၄နှင့်အထက်) ဇီဝဓာတုဗေဒ(ခုံအမှတ်-၃ဇဓ-၁၀၃မှ ၂၂၇ ထိ)

သတ္တမနေ့(အပိုင်း-၁၃၊ အပိုင်း-၁၄)အစမ်းလေ့ကျင့်ရက်-၁၃-၂-၂၀၁၂ ရက် နံနက် ၉း၀၀ နာရီ

ဘွဲ့နှင်းသဘင်အဋ္ဌမနေ့ ၁၅-၂-၂၀၁၂ ရက် အစီအစဉ်
အပိုင်း-၁၅၊ နံနက်ပိုင်း နံနက် ၉း၀၀နာရီ

ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ ပထဝီဝင်၊ သမိုင်း၊ ရူပဗေဒ၊ သတ္တဗေဒ(မြင်းခြံဒီဂရီကောလိပ်)
သိပ္ပံဘွဲ့ ဇီဝဓာတုဗေဒအထူးပြု(ခုံအမှတ်-၃ဇဓ-၂၂၉နှင့်အထက်)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ ပထဝီဝင်၊ သမိုင်း၊ ရူပဗေဒ၊ သတ္တဗေဒ၊ (မြင်းခြံဒီဂရီကောလိပ်)

ဘွဲ့နှင်းသဘင်အဋ္ဌမနေ့ ၁၅-၂-၂၀၁၂ ရက် အစီအစဉ်
အပိုင်း-၁၆၊ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂း၀၀နာရီ

ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ စိတ်ပညာအထူးပြုအားလုံး
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ မြန်မာစာ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊သတ္တာဗေဒ(မြင်းခြံဒီဂရီကောလိပ်)
ဝိဇ္ဇာဘွဲ့ စိတ်ပညာအထူးပြုအားလုံး
ဝိဇ္ဇာဘွဲ့/ သိပ္ပံဘွဲ့ မြန်မာစာ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တာဗေဒ(မြင်းခြံဒီဂရီကောလိပ်)

အဋ္ဌမနေ့(အပိုင်း-၁၅၊ အပိုင်း-၁၆)အစမ်းလေ့ကျင့်ရက်
၁၃-၂-၂၀၁၂ရက် မွန်းလွဲ ၂း၀၀ နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများ ငှားရမ်းခွင့်ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့် လက်မှတ်/ဧည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ ရတနာပုံတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် အောက်ပါအစီအစဉ်အတိုင်းထုတ်ယူနိုင်ပါသည်။

ဘွဲ့နှင်းသဘင်ကျင်းပရက်	ဘွဲ့ဝတ်စုံများငှားရမ်းခွင့်ထောက်ခံစာများ တက်ရောက်ခွင့်ပြုလက်မှတ်နှင့် ဧည့်လက်မှတ်များ ထုတ်ပေးမည့်ရက်
၂၅-၁-၂၀၁၂	၂၀-၁-၂၀၁၂
၂၆-၁-၂၀၁၂	၂၂-၁-၂၀၁၂
၂၉-၁-၂၀၁၂	၂၃-၁-၂၀၁၂
၃၀-၁-၂၀၁၂	၂၇-၁-၂၀၁၂
၇-၂-၂၀၁၂	၂-၂-၂၀၁၂
၈-၂-၂၀၁၂	၃-၂-၂၀၁၂
၁၄-၂-၂၀၁၂	၉-၂-၂၀၁၂
၁၅-၂-၂၀၁၂	၁၀-၂-၂၀၁၂

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)မှနှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍တက်ရောက်ရပါမည်။

တင်စောထွေး
(လက်ထောက်မော်ကွန်းထိန်း)
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ ရတနာပုံတက္ကသိုလ်

ရက်စွဲ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်

ကံမြင့်ကျောင်းတိုက်
သီတဂူအာယုဒါနဆေးအလှူတော်အထူးတရားပွဲ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းဓမ္မာရုံကြီးတွင် ၁၉-၁-၂၀၁၂ ရက် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရိလင်္ကာရ သီတဂူကြာတစ်ပွင့်မှလည်းကောင်း၊ ၂၀-၁-၂၀၁၂ရက် အရှင်ကာရုညာ (သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)မှလည်းကောင်း၊ ၂၁-၁-၂၀၁၂ရက် ဒေါက်တာအရှင်ကိတ္တိဗလ (သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)မှလည်းကောင်း၊ ၂၂-၁-၂၀၁၂ ရက် အရှင်သုမန(သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)မှလည်းကောင်း၊ ၂၃-၁-၂၀၁၂ ရက် အရှင်ဣဿရိယ M.A (Buddhims) (သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)မှလည်းကောင်း၊ ၂၄-၁-၂၀၁၂ရက် ဒေါက်တာအရှင်ဣန္ဒာစရိယ(သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)မှလည်းကောင်း၊ ၂၅-၁-၂၀၁၂ရက်အရှင်ဒေဝိန္ဒာဘိဝံသ M.A (Buddhims) (သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)မှလည်းကောင်း၊ ၂၆-၁-၂၀၁၂ ရက် သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရအဓိပတိ ဆရာတော်(သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)မှ လည်းကောင်း ညစဉ် ၇း၃၀နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ပါသဖြင့် တရားတော်နာ ကြွရောက်ပါရန် နိဗ္ဗာန်အကျိုးတော်မျှော်၍ နှိုးဆော်အပ်ပါသည်။

ကံမြင့်ဝေယျာဝစ္စအဖွဲ့

အမည်ပြောင်း

အဖဦးသိန်းဝင်း၏သမီး မအင်ကြင်းခိုင်အား ယနေ့မှစ၍ မမြတ်ကြည်ဖြူခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မမြတ်ကြည်ဖြူခင်

ရောင်းရန်ရှိသည်

ကားကြီးများ(နံပါတ်အသစ်)
(၁) Nissan UD ၁၂ ဘီး
မော်ဒယ်-၁၉၉၇ခုနှစ်
- CG 53 CWX
(၂) Condor ၆ ဘီး
မော်ဒယ်-၂၀၀၀ခုနှစ်
- MK 252 KH

ဆက်သွယ်ရန်
ဖုန်း- ၀၉-၄၃၀၁၁၁၂၂၊ ၀၉-၆၅၀၄၇၈၉

ဦးရာသူအမြန်ရောင်းမည်

ပေ ၁၀၀ ပတ်လည် အုတ်ရိုးခတ်ပြီး၊ ရေ၊ မီးစုံ ၇/ဆ၊ မြဝတ်ရည်လမ်း၊ သဃ်န်းကျွန်း၊ (ကျိုက္ကဆံဘုရားနှင့် ကျိုက်ဒေးရုံဘုရားကြား) ဂိတ်ဟောင်းမှတ်တိုင်အနီး

ဖုန်း-၀၉-၅၀၀-၂၆၆၂

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ်(၁၉၉၀)၊အမည်ပေါက်ဦးသန်းအေး [၁၂/ကတန(နိုင်)၀၁၃၃၂၈]မြေကွက်အား လက်ရှိဝယ်ယူပိုင်ဆိုင်သူဦးဝင်းဖေ(၉/မနမ(နိုင်)၁၁၀၅၃၇]ကိုင်ဆောင်သူမှ မြေကွက်စလစ်၊ ငွေသွင်းချလန်နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြ၍ မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး၊ မြေနှင့်အခွန်ဌာနခွဲ၊ မြေယာရုံးခွဲ(၁၅)မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနသို့ ကန့်ကွက်စာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၁၅)
မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြင်ဆင်ဖတ်ရှုပါရန်

၇-၁-၂၀၁၂ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)ပါ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ်(၂၃၀၁)မှာ အမည်ပေါက် ဒေါ်ကြူမွှေးအစား ဒုတပ်ကြပ်ကြူမွှေးဟု ပြင်ဆင်ဖတ်ရှုပါရန်။



နာဂဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး ဆောင်ရွက်ပေးနေ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးကိုလည်း အကောင်အထည်ဖော်ပေးလျက်ရှိ

ဒေသစီးပွားဖြစ်ထွန်းမှုကို အထောက်အကူဖြစ်စေရန် နွားနောက်၊ ဆိတ်များကို စနစ်တကျမွေးမြူ

နေပြည်တော် ဇန်နဝါရီ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ခန္တီးမြို့မှ ရဟတ်ယာဉ်များဖြင့်ထွက်ခွာခဲ့ရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့သို့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ရောက်ရှိသည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များအား ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက လှိုက်လှဲခင်မင်စွာ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် လဟယ်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ခေတ္တဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဆေးရုံ၏ လိုအပ်ချက်များနှင့် ဆေးဝါးကုသမှု အခြေအနေများကို မေးမြန်းသည်။

ဒုတိယသမ္မတသည် ရေရှည်တွင် ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ် တိုးချဲ့နိုင်ရေးအတွက် မြေနေရာရွေးချယ်ထားရှိရန်နှင့် ဒေသတွင်း ကျန်းမာရေး စောင့်ရှောက်မှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိကြသော လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေး စကားပြောကြားပြီး ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ ရေရှည်တွင် ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ် တိုးချဲ့နိုင်ရေး အတွက် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဆေးဝါးပစ္စည်းများကို ပေးအပ်ရာ ခေတ္တဆေးရုံအုပ်ကြီးနှင့် သူနာပြုများက လက်ခံကြသည်။

ထို့နောက် ဒုတိယသမ္မတသည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးသို့ ရောက်ရှိပြီး ဧည့်ရိပ်သာနှင့် ရုံးအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မြို့နယ်ခန်းမ၌ ကျင်းပသည့် မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ လဟယ်မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များ၊ အုပ်ချုပ်စီမံမှုဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများဆောင်ရွက်မှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် မြို့နယ်၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ☆

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး လဟယ်မြို့ရှိ ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

အမှာစကားပြောကြား

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း လွှတ်တော် တတိယပုံမှန်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တွင် အမှာစကားပြောကြား စဉ်။ (သတင်းစဉ်)

လွှတ်တော်ပုံမှန်အစည်းအဝေးများ စနစ်တကျ အောင်မြင်စွာကျင်းပနိုင်ရေး အချိန်ကိုက်ပြင်ဆင်ဆောင်ရွက်

အမျိုးသားစီမံကိန်းများ၊ ဘဏ္ဍာငွေ ရသုံးမှန်းခြေနှင့် ဥပဒေကြမ်းများ အချိန်နှင့်တစ်ပြေးညီ ဆွေးနွေးနိုင်ရန်စီစဉ်ထား

နေပြည်တော် ဇန်နဝါရီ ၁၆

လွှတ်တော် တတိယပုံမှန်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရုံးအစည်းအဝေး ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်ပုံမှန်အစည်း အဝေးများကို စနစ်တကျ အောင် မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေ ဖြင့် လုပ်ငန်းများ အချိန်ကိုက် ပြင်ဆင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယခုလွှတ်တော် ပုံမှန်အစည်းအဝေး၌ အမျိုးသား စီမံကိန်းများ၊ ဘဏ္ဍာငွေ ရသုံး မှန်းခြေနှင့် ဥပဒေကြမ်းများကို ဆွေးနွေးကြရာတွင် အချိန်နှင့် တစ်ပြေးညီ ဆွေးနွေးနိုင်ရန်အတွက် စီစဉ် ဆောင်ရွက်ထားကြရန် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❍